# လက်အောက်ခံကုမ္ပဏီတစ်ခုအား လုပ်ငန်းရပ်စဲလျက်ရှိခြင်း

ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့(န်)ကုမ္ပဏီလီမိတက် (“ကုမ္ပဏီ” နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီခွဲများ၊ “ကုမ္ပဏီအုပ်စု”) ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီမှ ရာနှုန်းပြည့်ပိုင်ဆိုင်သော လက်အောက်ခံကုမ္ပဏီတစ်ခုဖြစ်သည့် ရိုးမသစ္စာကူးသန်းရောင်းဝယ်ရေးကုမ္ပဏီလီမိတက် (“ရိုးမသစ္စာ”) အား မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၁၇ နှင့်အညီ ကုမ္ပဏီ၏ဆန္ဒအလျောက် လုပ်ငန်းရပ်စဲခြင်းကို ဆောင်ရွက်လျက် ရှိကြောင်း အသိပေးကြေညာလိုပါသည်။

ရိုးမသစ္စာကုမ္ပဏီလီမိတက်သည် နှစ်အတော်ကြာ FMI Trading Centre (“FTC”) ကို လည်ပတ်ဆောင်ရွက်ခဲ့ရာ အစုရှယ်ယာရှင်များအနေဖြင့် FMI အစုရှယ်ယာများအား အရောင်းအဝယ် ပြုလုပ်နိုင်ခဲ့ပါသည်။ FMI ကုမ္ပဏီက ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ခဲ့ပြီးသည့်နောက်တွင် အီလက်ထရောနစ်စနစ်ဖြင့် ရှယ်ယာရောင်းဝယ်ခြင်းသို့ ကူးပြောင်းခဲ့ပြီဖြစ်ရာ FTC ကို ထားရှိရန် မလိုအပ်တော့သဖြင့် ရိုးမသစ္စာ၏လုပ်ငန်းအားရပ်စဲရန် ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။

ကြေညာချက်ထုတ်ပြန်သည့်ရက်မှစ၍ ရိုးမသစ္စာ၏ အသားတင်မြင်သာသော ရုပ်ဝတ္ထုပိုင်ဆိုင်မှု (Net Tangible Assets - NTA) စုစုပေါင်းမှာ ကျပ် ၁၀,၁၅၂,၈၈၀ ဖြစ်ရာ ယင်းပမာဏသည် ကုမ္ပဏီအုပ်စု စုစုပေါင်း (NTA) ၏ ၀.၀၁% ထက်မပိုကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့၏အမိန့်အရ

ထွန်းထွန်း
အလုပ်အမှုဆောင်ဒါရိုက်တာ
၂၀၁၆ ခုနှစ်၊ မေလ (၃)ရက်။

**FIRST MYANMAR INVESTMENT CO., LTD.**
YSX Code 00001
FMI Centre, 10th Floor
380 Bogyoke Aung San Road
Yangon, Myanmar
Tel: (01) 240363
www.fmi.com.mm